## အိမ်ထောင်စုစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ

၁။ အိမ်ထောင်စုအလိုက် ပြောင်းဝင်ရာတွင်ပါရှိရမည့် အထောက်အထားများမှာ– အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။ အိမ်ထောင်ဦးစီးကိုယ်တိုင် မလာရောက်နိုင်ပါက ခိုင်လုံသောအကြောင်းပြချက်ဖြင့် အိမ်ထောင်စုဝင်များ ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအား ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှဲစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာ ပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့် ထောက်ခံချက်ပါရှိရမည်။

(ခ) အိမ်ထောင်ဦးစီး၏ လျှောက်လွှာပါရှိရမည်။

(ဂ) နောက်ဆုံးနေထိုင်ခဲ့သည့် မြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ(၁၀)ပါရှိရမည်။

(ဃ) ဝင်ရောက်နေထိုင်လိုသည့်လိပ်စာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေး၏ထောက်ခံချက် ပါရှိရမည်။

(င) ပြောင်းဝင်မည့်အိမ်ခန်း(သို့မဟုတ်)အိမ်အား ပိုင်ဆိုင်သည့်အထောက်အထား မူရင်း/မိတ္တူ ပါရှိရမည်။ ပိုင်ဆိုင်သည့်အထောက်အထားမပြနိုင်ပါက လိပ်စာပါ နေရာတွင် အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ပါရှိရမည်။

(စ) အိမ်ငှားနေထိုင်သူဖြစ်ပါ က မည်သည့်အခြေအနေဖြင့်နေထိုင်မည်ဖြစ်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တွင် ဖော်ပြပါရှိ ရမည်။

၂။ အိမ်ထောင်စုအလိုက် ပြောင်းထွက်ရာတွင်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) အိမ်ထောင်ဦးစီးကိုယ်တိုင်လာရောက်ရမည်၊သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်များ ထဲမှ အသက်(၁၈)နှစ်ပြည့်ပြီး သူတစ်ဦးအား ကိုယ်စားလှယ်လွှာစာဖြင့် စေလွှတ်ရမည်။

ကိုယ်စားလှယ်လွှာစာ မှန်ကန်ကြောင်း ကိုယ်စားလှယ်လွှဲစာ ပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ပါရှိရမည်။

( ခ ) အိမ်ထောင်ဦးစီး၏ လျှောက်လွှာပါရှိရမည်။

( ဂ ) ပြောင်းထွက်မည့်သူများ အမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမှုရင်း၊ မိတ္တူပါရှိရမည်။

(ဃ) ရပ်ကွက်၊ကျေးရွာအုပ်စုတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၃။ အိမ်ထောင်စုလူဦးရေတိုးရာတွင်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထား ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူတစ်ဦး အား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ်ရမည်။ ကိုယ်စား လှယ်လွှဲစာ မှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကိုယ်စားလှယ်လွှဲစာပေါ်တွင် ထပ်ဆင့်ထောက်ခံချက်ပါရှိ ရမည်။ ၎င်းနည်းတူ ကာယကံရှင် ကိုယ်တိုင်ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်နိုင်သည်။

( ခ ) ကာယကံရှင်၏လျှောက်လွှာပါရှိရမည်။

( ဂ ) နောက်ဆုံးနေထိုင်သည့် မြို့နယ်မှ ပြောင်းရွှေ့လာသည့်ပုံစံ(၁၀)ပါရှိရမည်။

(ဃ) လက်ခံမည့် အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရှိရမည်။

( င ) အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံ မှုရင်းပါရှိ ရမည်။

(စ) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၄။ အိမ်ထောင်စုလူဦးရေလျှော့ရာတွင်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထား ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ် ပြည့်ပြီးသူ တစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှာစာဖြင့် စေလွှတ်ရမည်။ ကိုယ်စားလှယ်လွှာစာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကိုယ်စားလှယ်လွှဲ စာပေါ်တွင် ထပ်ဆင့်ထောက်ခံချက်ပါရှိရမည်။၎င်းနည်းတူ ကာယကံရှင်ကိုယ်တိုင်ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှာစာဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရှိရမည်။

(ဂ) လျှောက်ထားသူနှင့်အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စုလူဦးရေ စာရင်း အိမ်လက်ခံမှုရင်း၊ မိတ္တူပါရှိရမည်။

(ဃ) ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၅။ မွေးဖွားသူအမည်စာရင်းတိုးရာတွင်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အိမ်ထောင်ဦးစီးကိုယ်တိုင်လာရောက်လာရမည်၊ သို့ရာတွင် အိမ်ထောင်ဦးစီး သည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင် များထဲမှ အသက်(၁၈)နှစ်ပြည့်ပြီးသူတစ်ဦးအား ကိုယ်စားလှယ်လွှဲစာမှန်ကန် ကြောင်း

ကိုယ်စားလှယ် လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ပါရှိရမည်။

(ခ) အိမ်ထောင်ဦးစီး၏ လျှောက်လွှာပါရှိရမည်။

(ဂ) မိဘ(၂)ပါး၏ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူပါရှိ ရမည်။

(ဃ) မိဘ(၂)ပါး၏ အိမ်ထောင်စုလူဦးရေစာရင်း သီးခြားတစ်ခုစီရှိပါက လူဦးရေ တိုးမည့် မိဘ၏ အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံ မူရင်း၊ မိတ္တူနှင့် လူဦးရေစာရင်းတိုးရန် မလိုသည့် မိဘ၏ အိမ်ထောင်စု လူဦးရေစာရင်း မိတ္တူ ပါရှိရမည်။

(င) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပါရှိရမည်။

(စ) မွေးဖွားကြောင်း ပုံစံထွေ-၁(က) (သို့မဟုတ်)မွေးစာရင်းလက်မှတ် မူရင်းနှင့် မိတ္တူပါရှိရမည်။

၆။ သေဆုံးသူအမည်စာရင်း ပယ်ဖျက်ရာတွင် ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အိမ်ထောင်ဦးစီးကိုယ်တိုင်လာရောက်ရမည်၊ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်များ ထဲမှ အသက်(၁၈)နှစ်ပြည့်ပြီးသူ တစ်ဦးအားကိုယ်စားလှယ်လွှဲစာဖြင့် စေလွှတ် ရမည်။ ကိုယ်စားလှယ် လွှဲစာပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ပါရှိရမည်။

(ခ) သေဆုံးကြောင်း ပုံစံ ထွေ-၂(က) (သို့မဟုတ်) သေဆုံးကြောင်း လက်မှတ်မူရင်း၊ မိတ္တူပါရှိရမည်။

(ဂ) တိုင်ကြားသူနှင့်သေဆုံးသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူပါရှိရမည်။

(ဃ) သေဆုံးသူသည် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၇။ သီးခြားအိမ်ထောင်စုခွဲထွက်ရာတွင်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထား ရမည်။ သို့ရာတွင် အိမ်ထောင်ဦးစီးသည် ခိုင်လုံသော အကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက အိမ်ထောင်စုဝင်ထဲမှ အသက်(၁၈)နှစ်ပြည့်ပြီးသူ တစ်ဦးအား အိမ်ထောင်ဦးစီးမှ ကိုယ်စားလှယ်လွှဲစာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကိုယ်စားလှယ်လွှဲစာပေါ်တွင် ထပ်ဆင့်ထောက်ခံချက်ပါရှိရမည်။ ၎င်းနည်းတူ ကာယကံရှင်ကိုယ်တိုင် ခိုင်လုံသောအကြောင်းပြချက်ဖြင့် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ဆောင်ရွက်နိုင်သည်။

( ခ) အိုးခွဲ၊ အခန်းခွဲ၊ ခေါင်ခွဲ၊ စီးပွားခွဲ စသည့် ခွဲ(၄)ခွဲနှင့် ညီညွတ်ရမည်။

( ဂ) အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရှိရမည်။

(ဃ) လျှောက်ထားသူနှင့် အိမ်ထောင်ဦးစီးအမည်ပါ အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့်မိတ္တူပါရှိရမည်။

(င) ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။

၈။ (သွေးနှော)ပြောင်းရွှေ့ပုံစံ(၁၀) လျှောက်ထားရန်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကာယကံရှင်လျှောက်လွှာ(လျှောက်လွှာတွင် ပြောင်းရွှေ့ရသည့်ကိစ္စဖော်ပြရန်)

( ခ) လက်ရှိနေထိုင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ရဲစခန်း ထောက်ခံစာ။

( ဂ) လက်ရှိနေထိုင်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာ။

(ဃ) လက်ရှိနေထိုင်သည့် အိမ်ထောင်ဦးစီးသဘောတူညီချက်နှင့် နိုင်ငံ(က)မိတ္တူ။

( င ) လက်ရှိနေထိုင်သည့် အိမ်ထောင်စုစာရင်းမိတ္တူ။

(စ) လျှောက်ထားသူတစ်ဦးချင်း၏ နိုင်ငံသားဖြစ်မှုအခြေအနေ စိစစ်တင်ပြခြင်း။

(ဆ) ပြောင်းရွှေ့နေထိုင်မည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ။

( ဇ ) ပြောင်းရွှေ့နေထိုင်မည့် မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံစာ။

( ဈ ) လက်ခံမည့်အိမ်ထောင်ဦးစီး၏ သဘောတူညီချက်နှင့် နိုင်ငံ(က) မိတ္တူ။

(ည) လက်ခံမည့်အိမ်ထောင်စုစာရင်းမိတ္တူ။

( ဋ ) နေအိမ်ပိုင်ဆိုင်မှုအထောက်အထား။

( ဌ ) လက်ထပ်သည့်အထောက်အထား (ဇနီး/ခင်ပွန်း)ထံသို့ ပြောင်းလျှင်။

( ဍ ) ဝန်ထမ်းဖြစ်လျှင် အပြောင်းအရွှေ့အမိန့်စာ။

( ဎ ) မြို့နယ်ဦးစီးမှူး၏ သဘောထားမှတ်ချက်။

(ဏ) မူရင်း(၁)ဖိုင်၊ မိတ္တူ(၁)ဖိုင်ပေးရန်။

၉။ မွေးသက္ကရာဇ်ပြင်ဆင်ခွင့်လျှောက်ထားမှုအတွက် ပါရှိရမည့်အထောက်အထားများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ကာယကံရှင်လျှောက်လွှာ။

( ခ ) ကာယကံရှင်၏ နိုင်-၃(က)၊ နိုင်-၂၊ နိုင်-၄ မိတ္တူ။

( ဂ ) ကာယကံရှင်၏ အစစ်ခံထွက်ဆိုချက်။

(ဃ) (၁၀)တန်းအောင်လက်မှတ်မူရင်း/မိတ္တူ။

( င ) ကျောင်းအုပ်ဆရာကြီးထောက်ခံချက်မူရင်း(ကျောင်းသားဖြစ်ပါက)။

( စ ) မိဘနှစ်ပါး၏ နိုင်ငံ(က)၊ နိုင်-၂၊ နိုင်-၄ မိတ္တူ။

(ဆ) ကာယကံရှင်၏ မွေးစာရင်း(ကျောင်းသားဖြစ်ပါက)။

( ဇ ) ဝန်ထမ်းမှတ်တမ်း(ပထမ)စာမျက်နှာ မိတ္တူ(ဝန်ထမ်းဖြစ်ပါက)။

(ဈ) ထက်အောက်ညီအစ်ကိုမောင်နှမ(၂)ဦး၏ နိုင်ငံ(က)၊ နိုင်-၂၊ နိုင်-၄။

(ည) ဌာနဆိုင်ရာအကြီးအကဲထောက်ခံချက်(ဝန်ထမ်းဖြစ်ပါက)မိတ္တူ။

(ဋ) အိမ်ထောင်စုဇယား မူရင်း/မိတ္တူ။

(ဌ) မြို့နယ်ဦးစီးမှူး သဘောထားမှတ်ချက်။

(ဃ) ပုံစံ၉၀/၁/နသ(၃)စောင်

(ကာယကံရှင် (၁၈)နှစ် မပြည့်သေးပါက အုပ်ထိန်းသူမှ လျှောက်ထားချက်၊ အစစ်ခံ ထွက်ဆိုချက်ပေးရမည်)

၁၀။ အမည်ပြင်ဆင်ခွင့် လျှောက်ထားမှုအတွက်ပါရှိရမည့် အထောက်အထားများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်–

(က) ကာယကံရှင်လျှောက်လွှာ။

( ခ) ကာယကံရှင်၏ နိုင်–၃(က)၊ နိုင်–၆(က)၊ နိုင်–၂၊နိုင်–၄ မိတ္တူ။

( ဂ) ကာယကံရှင်၏ အစစ်ခံထွက်ဆိုချက်။

(ဃ) (၁၀)တန်းအောင်လက်မှတ်မိတ္တူ။

( င) ကျောင်းအုပ်ဆရာကြီးထောက်ခံချက်(ကျောင်းသားဖြစ်ပါက)။

( စ) မိဘနှစ်ပါး၏ နိုင်၆(က)၊နိုင်–၂၊နိုင်–၄ မိတ္တူ။

(ဆ) ဝန်ထမ်းမှတ်တမ်း(ပထမ) စာမျက်နှာ မိတ္တူ(ဝန်ထမ်းဖြစ်ပါက)

( ဇ) ဌာနဆိုင်ရာအကြီးအကဲထောက်ခံချက်(ဝန်ထမ်းဖြစ်ပါက)။

(ဈ) သက်သေ(၂)ဦး၏ အစစ်ခံထွက်ဆိုချက်၊ နိုင် ၆(က) မိတ္တူ။

(ည) အိမ်ထောင်စုဇယား မူရင်း/မိတ္တူ။

(ဋ) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်။

(ဠ) မြို့နယ်ဦးစီးမှူး သဘောထားမှတ်ချက်။

(ဌ) ပုံစံ၉၀/၁/နငပ(၃)စောင်။